
# 93-94 Annual Report



## မာတိကာ


| | |
|---|---|
| ဥက္ကဋ္ဌအမှာစာ | ၂ |
| Managing Agent ၏ အစီရင်ခံစာ | ၅ |
| ရိုးမဘဏ် | ၆ |
| FMI CENTRE | ၈ |
| BAGAN INN LTD. | ၁၀ |
| SHINE LAUNDRY | ၁၄ |
| SPA MOTORCYCLE LTD. | ၁၆ |
| ဟိုတယ်လုပ်ငန်းတိုးတက်မှုအခြေအနေ | ၁၈ |
| အနာဂတ်အမြင် | ၂၀ |
| ကုမ္ပဏီဖွဲ့စည်းခြင်း၊ မှတ်ပုံတင်ခြင်းနှင့် လုပ်ငန်းစတင်ဆောင်ရွက်ခြင်း | ၂၁ |
| REPORT OF INDEPENDENT AUDITORS | ၂၂ |




# FMI Co., Ltd. ဥက္ကဋ္ဌ ၏ အမှာစာ

FMI Co., Ltd. ကို ဖွဲ့စည်း တည်ထောင်၍ လုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်လာခဲ့သည်မှာ (၂)နှစ်ကျော်ခဲ့ပြီ ဖြစ်ပါသည်။

(၂)နှစ်တည်းဟူသော အချိန်ကာလသည် သက်တမ်းအလွန်နုနယ်သောကာလဖြစ်ပါသည်။ FMI Co., Ltd. အနေဖြင့် လုပ်ကိုင်ဆောင်ရွက်ခဲ့သည့် လုပ်ငန်းပမာဏမှာ အလွန်ကြီးမားပြီး၊ ဆောင်ရွက်ရသည့် အချိန်ကာလမှာလည်း စီမံကိန်းအလိုက် အချိန်မှီဆောင်ရွက်ရသည့်လုပ်ငန်းများ ဖြစ်သည့်အလျောက် လုပ်ငန်းကို ဦးစီးဆောင်ရွက်နေကြသည့် ပုဂ္ဂိုလ်များအဖို့ အခက်အခဲ ပေါင်းမြောက်များစွာနှင့် ကြုံတွေ့ခဲ့ရပါသည်။ ယင်းအခက်အခဲပေါင်းများစွာထဲမှ အတွေ့အကြုံအသစ်များ၊ ဆန်းသစ်သောကြံဆမှုများ ရရှိခဲ့ပြီး၊ ရဲဝံ့စွာ ဆောင်ရွက် နိုင်ခဲ့ခြင်းတို့ကြောင့် အစုရှယ်ယာရှင်များအတွက် အကျိုးအမြတ်များကို ရရှိမျှဝေခံစားနိုင်ရန် ဆောင်ရွက်ခဲ့ပြီးဖြစ်ပါသည်။ အစုရှယ်ယာရှင်များအားလည်း Right Issue ကို ထုတ်ဝေရောင်းချပေးခြင်းဖြင့် ကုမ္ပဏီ၏လုပ်ငန်းများမှာ ပိုမိုခိုင်မာ၍ အကျိုးအမြတ်များကို ခံစားကြရမှာဖြစ်ပြီး၊ နှစ်ဦးနှစ်ဖက်အကျိုးရှိသည့် လုပ်ငန်းများကို ဆောင်ရွက်နိုင်ခဲ့ပါသည်။

FMI Co., Ltd. ကို စတင်ဖွဲ့စည်းသည့် ၁၉၉၂–၉၃ခုနှစ်မှ ယနေ့အထိ ကုမ္ပဏီ၏ ဆောင်ရွက်ချက်များမှာ အထူးပင်အားရကျေနပ်ဘွယ်ဖြစ်ပါသည်။ လုပ်ငန်းများတိုးတက်မှုအပိုင်းကိုကြည့်လျှင် Managing Agent အနေဖြင့်လည်း (၅)နှစ်စီမံကိန်းတွင် ပါဝင်သည့် စီးပွားရေးလုပ်ငန်းများ၌ Long Term, Medium Term, Short Term နှင့် Trading လုပ်ငန်းများကို ဆောင်ရွက်ရာတွင် လုပ်ငန်းအလိုက် စီမံကိန်းအတိုင်း ဆောင်ရွက်နိုင်ရန် ကူညီပံ့ပိုးလမ်းညွှန်မှုများပြုပေးသဖြင့် လုပ်ငန်းများအချိန်မှီတိုးတက်အောင်မြင်မှုရရှိနေခြင်း ဖြစ်ပါ သည်။ ထိုသို့ အောင်မြင် တိုး တက် နေ ခြင်း မှာ အစုရှယ်ယာရှင်များ၏ ကူညီပံ့ပိုးမှု၊ အကြံဉာဏ်များ ပေးမှုတို့ကြောင့်ပင် ဖြစ်ပါသည်။ ကုမ္ပဏီအနေဖြင့် အချို့သောလုပ်ငန်းများသည် မျှော်မှန်းထားသည်ထက် ပိုမိုအောင်မြင်မှုရရှိနေပြီး၊ အချိန်တိုကာလအတွင်း ဝင်ငွေမှန်မှန်ရရှိစေသည့်လုပ်ငန်းများမှလည်း ဝင်ငွေများ ရရှိနေပြီ ဖြစ်ပါသည်။ ရေရှည်စီမံကိန်းများဖြစ်သည့် FMI Centre ...လုပ်ငန်းနှင့် Meeyahta International Hotel Ltd. ... လုပ်ငန်းများမှာလည်း စီမံကိန်းကာလအမှီ သတ်မှတ်ရက်များအတွင်း ပြီးစီးမည်ဖြစ်ပါသည်။ ဤရည်မှန်းချက်အတိုင်း ဟန်ချက်ညီညီဖြင့် ဆောင်ရွက်သွားပါက တစ်နှစ်ထက်တစ်နှစ် တိုးတက်အောင်မြင်မှုများ ပိုမိုရရှိလာမည့် ကုမ္ပဏီကြီးတစ်ခု ဖြစ်လာမည်ဟု ယုံကြည်ပါသည်။






**BOARD OF DIRECTORS**

1. U MYINT WAI
2. U AUNG SWE
3. U SOE MYINT
4. U THAN TUN
5. U MYAT THIN AUNG
6. U KYAW PAING
7. U HLA KYI
8. MR. SERGE PUN
9. U AUNG KHIN
10. U SOE WIN
11. MR. MARTIN PUN
12. U THAN AUNG
13. U KHIN MAUNG WIN
14. U KO LAY

ယနေ့ FMI Co., Ltd. သည် အများပိုင်ကုမ္ပဏီတစ်ခုဖြစ်သည့်အလျောက် ကုမ္ပဏီ၏ ရှယ်ယာများကို ပိုင်ဆိုင်ကြသူများမှာ ပြည်သူများပင် ဖြစ်ပါသည်။ ကုမ္ပဏီ၏ ပိုင်ဆိုင်မှုများမှာလည်း အစုရှယ်ယာရှင်များ၏ ပိုင်ဆိုင်မှုများပင် ဖြစ်ပါသည်။ ထို့ကြောင့် ကုမ္ပဏီ၏ ပိုင်ဆိုင်မှုများ မြင့်မားတိုးတက်လာစေရန်အတွက်၊ စံနစ်တကျ စီစဉ်ဆောင်ရွက်ပေးသော Managing Agent Mr.Serge Punနှင့် မိမိတို့ကျွမ်းကျင်နားလည် တတ်သိသည့် အတတ်ပညာ၊ အသိပညာ၊ အကြံဉာဏ်များဖြင့် ကုမ္ပဏီသို့ပံ့ပိုးကူညီခဲ့ကြသော အစုရှယ်ယာရှင်များအား အမှုဆောင် ဒါရိုက်တာအဖွဲ့၏ ကိုယ်စား အထူးပင် ကျေးဇူးတင်ရှိပါကြောင်း။

(ဥက္ကဋ္ဌ)





မန်းနေးဂျင်းအေးဂျင့်
MR. SERGE PUN
CHAIRMAN, SPA INTERNATIONAL (HONG KONG)

# အမှုဆောင်ဒါရိုက်တာအဖွဲ့၏ ကိုယ်စား

## Managing Agent
## **Mr. SERGE PUN**
## မှ
## တင်သွင်းသည့်အစီရင်ခံစာ

**လေးစားအပ်ပါသောအစုရှယ်ယာရှင်များခင်ဗျား**

FMI Co., Ltd.ကို ၁၉၉၂ခုနှစ်၊ ဇူလိုင်လ (၇)ရက်နေ့မှ စတင်တည်ထောင်လာခဲ့ရာ (၁-၁၁-၉၂)ရက်နေ့တွင် လုပ်ငန်းစတင်လုပ်ကိုင်ဆောင်ရွက်ခွင့်ရရှိပြီးနောက် ယခုအခါ ၁၉၉၃-၉၄ခုနှစ်အတွင်းတွင် ကုမ္ပဏီ၏လုပ်ငန်းများသည် အရှိန်အဟုန်ဖြင့် တိုးတက်လျှက်ရှိကြောင်း တွေ့ရှိရပါသည်။ ယခုတစ်နှစ်အတွင်းတွင် စီမံကိန်းအသစ်များကိုတိုးချဲ့၍ ဆောင်ရွက်ခဲ့ရာ၊ တိုးတက်မှုများရှိနေသဖြင့် အထူးပင်ဝမ်းမြောက်ဘွယ်ဖြစ်ပါသည်။ လုပ်ငန်းအလိုက် စတင်ရင်းနှီးမြှုပ်နှံခဲ့သည့် စီမံကိန်းများလည်း အောင်မြင်မှုရှိကြောင်း တွေ့မြင်ရပါသည်။ ယင်းသို့ရင်းနှီးမြှုပ်နှံထားသည့် စီမံကိန်းလုပ်ငန်းတိုင်းတွင် တိုးတက်မှုရှိနေသည်ကို တွေ့မြင်ရသဖြင့်၊ ကုမ္ပဏီ၏ လုပ်ငန်းရပ်များသည် မလွဲမသွေဖွံ့ဖြိုးတိုးတက်လာမည့် ကောင်းသောလက္ခဏာဖြစ်ကြောင်း၊ အစုရှယ်ယာရှင်များအား တင်ပြလိုပါသည်။

# ရိုးမဘဏ်

နိုင်ငံတစ်နိုင်ငံတွင် ပြည်တွင်းပြည်ပ စီးပွားရေးလုပ်ငန်းများကိုလုပ်ကိုင်နိုင်ရန်အတွက် နိုင်ငံတော်နှင့် နိုင်ငံသားများအတွက် ဘဏ်လုပ်ငန်း(Banking Services )အထူးလိုအပ်ချိန်တွင် နိုင်ငံတော်အစိုးရမှ ပုဂ္ဂလိကဘဏ် (Private Banks )များကို ဖွဲ့စည်းတည်ထောင်စေပြီး စီးပွားရေးလုပ်ငန်းလုပ်ကိုင်နိုင်စေရန် လိုင်စင်များကို ထုတ် ပေးခဲ့ပါသည်။ ရိုးမဘဏ်လီမိတက်၏ ဘဏ်လုပ်ပိုင်ခွင့်၊ ခွင့်ပြုချက် (လိုင်စင်)ကို ၁၉၉၃ ခုနှစ်၊ ဇူလိုင်လ (၂၆)ရက်နေ့တွင် ရရှိခဲ့ပြီး၊ ၁၉၉၃–ခုနှစ်၊ ဩဂုတ်လ(၁၄)ရက်နေ့တွင် ဘဏ်လုပ်ငန်းကို စတင်ဆောင်ရွက်နိုင်ခဲ့ပါသည်။ ယင်းသို့ ဆောင်ရွက်ခဲ့ရာ ၁၉၉၄–ခုနှစ်၊ စက်တင်ဘာလတွင် မျှော်မှန်းထားသည့်အတိုင်း ရည်မှန်းချက်ပန်းတိုင်သို့ ရောက်ရှိခဲ့ကြောင်း တင်ပြလိုပါ သည်။ ယင်းကဲ့သို့ ၁၉၉၃ခုနှစ်၊ ဩဂုတ်လတွင် ဖွင့်လှစ်ခဲ့ပြီး စက်တင်ဘာလရှိစာရင်းတွင် ရင်းနှီးမြှုပ်နှံမှုဘဏ်အပ်ငွေမှာ ကျပ်(၁၇၅,၀၉၁,၂၇၉.၂၁) ရှိပြီး၊ ချေးငွေ (Loan)မှာ ငွေကျပ် (၁၇၇,၄၈၁,၃၅၅.၀၂) ဖြစ်ပါသည်။ ၁၉၉၄–ခုနှစ်၊ စက်တင်ဘာလကုန်သည့်နေ့အထိ ဘဏ်အပ်ငွေမှာ ကျပ် (၈၃၁,၇၇၀,၉၄၄.၇၅) ဖြစ်ပြီး၊ ချေးငွေ( Loan )မှာငွေကျပ်(၆၄၉,၀၃၉,၀၄၀.၈၄) အထိ တိုးတက်မြင့်မားလာကြောင်းတင်ပြလိုပါသည်။

ရိုးမဘဏ်စီမံကိန်းသည်နှစ်ရှည်စီမံကိန်း ဖြစ်သော်လည်း၊ စတင်ဖွင့်လှစ်သည့် အချိန်မှန်ကန်မှု ဝန်ထမ်းများ၏ ကျွမ်းကျင်မှု၊ လုပ်ငန်းအပေါ် စေတနာ ထားကြိုးစားမှုများကြောင့်၊ နှစ်တိုကာလ စီမံကိန်းကဲ့သို့ အချိန်တိုကာလအတွင်း အမြတ်အစွန်းရရှိပြီး၊ အမြတ် ခွဲဝေနိုင်သည်အထိ အောင်မြင်တိုးတက်မှု များရှိခဲ့ပါ သည်။ ဘဏ်နှင့် ဆက်သွယ်သူတိုင်းအား စိတ်တိုင်းကျ ဆောင်ရွက်ပေးနိုင်မှုများကြောင့်၊ ရိုးမဘဏ်အနေဖြင့် နာမည်ကောင်းရရှိနေကြောင်း တင်ပြအစီရင်ခံပါသည်။ ရိုးမဘဏ်သည် နိုင်ငံတော်မှ ပထမဦးဆုံးခွင့်ပြုခဲ့သည့် ပုဂ္ဂလိကဘဏ်တစ်ခု ဖြစ်သည့်အလျောက်၊ ပတ်ဝန်းကျင် စီးပွားရေးလုပ်ငန်းများတွင် လိုအပ်ချက်များကို ဖြည့်တင်း ပေးရန် အသင့်ရှိပြီး၊ လုပ်ငန်းများကိုလည်း တိုးချဲ့ ဆောင်ရွက်သွားရန် စီစဉ်လျက်ရှိပါသည်။

ရိုးမဘဏ်အား (၁၅–၈–၉၃) (၃၁–၃–၉၄)ရက်နေ့အထိ (၇)လခွဲအချိန်ကာလအတွင်း အမြတ်ငွေကိုကြည့်ခြင်းအားဖြင့် အားရကျေနပ်ဘွယ်ရာ ဖြစ်ပါ သည်။ ၁၉၉၄–ခုနှစ်၊ မတ်လ(၃၁)ရက်နေ့အထိ ဘဏ်၏ အသားတင် အမြတ်ငွေသည် ကျပ် (၁၆,၈၁၃,၇၈၁.၉၉) ဖြစ်၍၊ ကုမ္ပဏီ၏ ရှယ်ယာ အမြတ်ငွေမှာ ၂၆% ဖြစ်ပါသည်။ ယခုလာမည့် ဘဏ္ဍာရေးနှစ်မှစ၍၊ ဘဏ်လုပ်ငန်း တိုးတက်မှု ရှိလာ သည်နှင့်အမျှ( Paid up) ရင်းနှီးမြှုပ်နှံမှု သည် ၁၉၉၄– ခုနှစ်၊ ဩဂုတ်လတွင် ကျပ်သိန်း (၁၀၀၀) အထိ တိုးမြင့်လာပါသည်။ မကြာမီအချိန်ကာလအတွင်း ကျပ်သိန်း(၁၄၀၀) အထိ တိုးမြှင့် ရင်းနှီးမြှုပ်နှံမှုပြုလုပ်ရန် စီမံထားပါသည်။

၁၉၉၄–ခုနှစ်၊ အောက်တိုဘာလမှစ၍ ရိုးမဘဏ်သည် အကြွေးစံနစ်ဖြင့် အသုံးပြုနိုင်သေ "Yoma Card"ကို ရန်ကုန်မြို့ရှိ၊ နာမည်ကြီး စားသောက် ဆိုင်ကြီးများ၊ မီနီမတ်ကက်များ၊ လူသုံးကုန်ပစ္စည်း အရောင်းဆိုင်ကြီးများတွင် စတင်သုံးစွဲမည်ဖြစ်ပါသည်။ " Credit Card " စနစ်ကို နိုင်ငံတော်တွင် စတင်သုံးစွဲခွင့် ပြုပြီးဖြစ်၍ " Yoma Card " ပိုင်ရှင်များအတွက် မရရှိ သေးသည့် အခွင့်အရေးတစ်ရပ်ကို ယခုအခါ ရရှိလာပြီ ဖြစ်ပါသည်။ ကုန်သည်များနှင့် " Yoma Card " ပိုင်ရှင် များ၏ နှစ်ဘက်အကျိုးရှိမှုအပေါ် မူတည်ပြီး၊ လက်ခံ သုံးစွဲလာမှုကို ကြည့်ခြင်းအားဖြင့်၊ " Yoma Card " စနစ်သည် စနစ်သစ်လူ့အဖွဲ့အစည်းတစ်ရပ်၏ လိုအပ်ချက်အား ဖြည့်စွက်ပံ့ပိုးမှု တစ်ရပ်ဖြစ်ကြောင်း တင်ပြအပ်ပါသည်။ ယခုအခါ " Yoma Card " ကို စားသောက်ဆိုင်ကြီးများ၊ စတိုးနှင့် မီနီမတ်ကက်များ၊ အခြားအသုံးအဆောင်ဆိုင်များတွင် " Yoma Card " ကိုင်ဆောင်ထားသူများအနေဖြင့် ငွေစက္ကူများ သယ်ယူ သွားရန်မလိုတော့ဘဲ အကြွေးစနစ်ဖြင့် အသုံးပြုနိုင်ပြီဖြစ် ကြောင်း တင်ပြအစီရင်ခံပါသည်။ FMI Co., Ltd. ၏ အစုရှယ်ယာရှင်များအနေဖြင့် " Yoma Card " ကို ကိုင်ဆောင်အသုံးပြုခြင်းဖြင့် ဂုဏ်ယူထိုက်ပါသည်။



FMI Centre စီမံကိန်းတွင် FMI C Ltd. မှ ၁၆% ပါဝင် ရင်းနှီးမြှုပ်နှံထားခြင်း ဖြစ်ပါသည်၊ စီမံကိန်းရေးဆွဲစဉ်ကပင် ရေရှည်အကျိုးစီးပွားကို မျှော်မှန်း၍ ရင်းနှီးစိုက်ထုတ်မှုကာလနှင့် အရင်းအနှီး ကြေမည့်ကာလတို့ကို တွက်ချက်ထားရှိခဲ့ပြီးဖြစ်ရာ ခန့်မှန်းခြေ(၄)နှစ်အတွင်းအရင်းကြေပြီး၊ နောက်နှစ် များအတွင်း အမြတ်အစွန်းများရရှိမည်ဟု ခန့်မှန်းပါ သည်။ အဆင့်မှီသော ရုံးခန်းနှင့် ဆိုင်ခန်းများပါသည့် ခေတ်မှီထည်ဝါခန့်ငြားသည့် အဆောက်အဦးကြီး တစ်ခု ကို ရန်ကုန်မြို့တွင် ဖွင့်လှစ်တော့မည်ဖြစ်ပါသည်။

အဆောက်အဦးရှိအခန်းများကိုငှားရမ်း ရာတွင်၊ စပေါ်ငွေမှာ ကျပ် (၇,၉၇၅,၀၀၀.၀၀)ဖြစ်ပြီး၊ ဆိုင်ခန်းများငှားရမ်းခအတွက် ရရှိမည့်ဝင်ငွေမှာ (၁)လ လျှင် ကျပ် (၄၅)သိန်းခန့်ရရှိမည် ဖြစ်ပါသည်။ အဆောက်အဦးရှိအခန်းများငှားရမ်းခမှာလည်း၊ မျှော်မှန်း ထားသည်ထက် ပို၍ရရှိနေပါသည်။ FMI Cen အဆောက်အဦးကြီး၏ စီမံကိန်းမှာ နှစ်ရှည်စီမံကိန်း ဖြစ်သည့်အားလျှော်စွာ၊ ဆိုင်ခန်းများမှ ငှားရမ်းခများမှာ လည်း၊ နှစ်စဉ်ဝင်ငွေမှန်မည့် အာမခံချက်တစ်ရပ် ဖြစ်လာနိုင်ပါသည်။

FMI Co., Ltd. အနေဖြင့် ပါဝင်ရင်းနှီး မြှုပ်နှံသည့်ရာခိုင်နှုန်းနည်းသော်လည်း FMI Co., Ltd. ၏အမည်ကို သုံးခွင့် ပြုခဲ့သည့်အတွက် FMI Co., Ltd. ၏ဂုဏ်သတင်းကိုကျော်ကြားစေမည် ဖြစ်ပါသည်။ FMI Co., Ltd. ၏ ပင်ကိုယ်အရည်အသွေးမှာ မြင့်မားနေရာမှ ရန်ကုန်မြို့လယ်ရှိ အကောင်းဆုံးနှင့် အလှပဆုံး အဆောက်အဦးကြီးအား ပင်ကိုယ်ရှိရင်းစွဲကုမ္ပဏီ၏ အမည်ကိုတပ်ပေးခြင်းအားဖြင့် ရှယ်ယာရှင်တိုင်းအဖို့ အထူးဂုဏ်ယူရမည့်အချက် ဖြစ်ပါသည်။ ဤထူးခြား သည့် ဂုဏ်သတင်းများ၏ ရောင်ပြန်ဟပ်မှုကြောင့် ရည်မှန်းထားသည့်အတိုင်း FMI Co., Ltd. ကြီးသည် မြန်မာနိုင်ငံအတွင်းတွင် ထင်ပေါ်ကျော်ကြား လူသိများ သည့် ကုမ္ပဏီကြီးတစ်ခုအဖြစ် ရောက်ရှိလာနိုင်ဘွယ် ရှိပါသည်။





# BAGAN INN
# လက်အောက်ရှိ
# Bagan Inn,
# Silver Palace Restaurant
# နှင့်
# Bagan Travels & Tours
# လုပ်ငန်းများ

FMI Co., Ltd. သည် Bagan Inn Ltd. တွင် ရှယ်ယာပိုင်ဆိုင်ထားသူဖြစ်ပါသည်။ ကုမ္ပဏီအနေဖြင့် Bagan Innလုပ်ငန်းကို ရေတိုစီမံကိန်းအရ လုပ်ကိုင်ဆောင်ရွက်လျက်ရှိပြီး နောင်ဖွင့်လှစ်မည့် ကမ္ဘာ့အဆင့်မှီ ကြယ်ငါးပွင့်မီးရထားဟိုတယ်ကြီး ဖွင့်လှစ်သည့်အခါတွင် လိုအပ်သောကျွမ်းကျင်သည့် လုပ်သားဝန်ထမ်းများရရှိရေးကို ဦးတည်၍ ဖွင့်လှစ်ထားသည့် ရှေ့ပြေးအကြိုသင်တန်းကျောင်း ( Pilot Project for MIHL ) လည်း ဖြစ်ပါသည်။ Bagan Inn Ltd.အနေဖြင့် ဟိုတယ်လုပ်ငန်း၊ စားသောက်ဆိုင်လုပ်ငန်းနှင့် ခရီးသွားလုပ်ငန်းစသည့် လုပ်ငန်းကြီး(၃)ခုကို လုပ်ကိုင်ဆောင်ရွက်လျက်ရှိပါသည်။

ယခုအခါ ရန်ကုန်မြို့တွင် Inn ပေါင်း (၁၀၀)ထက်မနည်းရှိနေပြီ ဖြစ်ပါသည်။ လုပ်ငန်းသဘာဝအရ အပြိုင်အဆိုင်လုပ်ကိုင်ရသည့် လုပ်ငန်းများဖြစ်သဖြင့် Bagan Innအနေဖြင့် အခန်းများ၏ ၅၄% မှာ အစဉ်ပြည့်လျှက်ရှိပါသည်။ Bagan Inn ရှိ ဝန်ထမ်းများ၏ ကြိုးပမ်းမှု နှင့် အဆင့်အတန်းမြင့်သည့် အခန်းဖွဲ့စည်းမှုတို့ကြောင့် Bagan Inn သို့ လာရောက်အားပေးတည်းခိုသူများ ပိုမိုများပြားလာကြောင်း တွေ့ရပါသည်။

Silver Palace Restaurant စားသောက်ဆိုင်လုပ်ငန်းသည် အောင်မြင်၍၊ အကျိုးအမြတ်ရရှိနေပြီး၊ စားသောက်ဖွယ်ရာများမှာလည်း တန်ဘိုးနှင့်အညီ အဆင့်အတန်းမြင့်မားသဖြင့် လာရောက်စားသုံးသူများပြားပြီး၊ ရန်ကုန်မြို့တွင် အထူးနာမည်ရစားသောက်ဆိုင်တစ်ဆိုင်အဖြစ် ရပ်တည်နေပါသည်။




Bagan Travels & Tours ခရီးသွားလုပ်ငန်းမှာ Bagan Inn ၌ တည်းခိုသူများ၊ အဆက်မပြတ်ရရှိစေရေးနှင့် နောင်ဖွင့်လှစ်မည့် ကမ္ဘာ့အဆင့်မှီ ကြယ်ငါးပွင့် မီးရထားဟိုတယ်ကြီးတွင် ဧည့်သည်များ မပြတ်စေရေးအတွက်၊ ဦးတည်၍ ဖွင့်လှစ်ထားခြင်း ဖြစ်ပါသည်။ ယခုအခါ ဟောင်ကောင်နှင့် ထိုင်းနိုင်ငံများမှ ခရီးသွားလာရေးကုမ္ပဏီ (၃)ခုနှင့် ဆက်သွယ်မှု ရရှိထားပြီး ဖြစ်ပါသည်။ ၎င်းကုမ္ပဏီများနှင့် ခရီးသွားလာရေးလုပ်ငန်းကို ယခုမိုးရာသီကုန်ဆုံးလျှင် လုပ်ငန်းများ စတင်အကောင်အထည်ဖော် ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။

နိုင်ငံတော်အစိုးရသည် ၁၉၉၆–ခုနှစ်အား မြန်မာ့ခရီးသွားနှစ်အဖြစ် သတ်မှတ်ထားသဖြင့် Bagan Travels & Tours လုပ်ငန်းကို ယခုကတည်းက လိုအပ်သည်များကို ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားပါက "၁၉၉၆–ခုနှစ် မြန်မာ့ခရီးသွားနှစ်"သို့ရောက်လျှင် လုပ်ငန်းအရှိန်ရရှိနေမည် ဖြစ်ပါသည်။ Bagan Travels & Tours လုပ်ငန်းအတွက် ကျက်သရေမင်္ဂလာရှိသော ဂုဏ်ယူဘွယ်နှစ်အဖြစ် သတ်မှတ်ရမည်ဖြစ်ကြောင်း၊ တင်ပြအစီရင်ခံပါသည်။

Bagan Inn နှင့် Silver Palace Restaurant လုပ်ငန်းများသည် အကျိုးအမြတ်များရှိသော်လည်း လုပ်ငန်းများစတင်ဖွင့်လှစ်သည့်ကာလမှ ယခုဘဏ္ဍာရေးနှစ်အထိ အချိန်ကာလ(၇)လခွဲသာ ရှိသေးသဖြင့်၊ Board အဖွဲ့အနေဖြင့် အမြတ်ငွေများခွဲဝေပေးရန် အချိန်စောသေးကြောင်း ဆုံးဖြတ်ကြပါသည်။

အထူးကိစ္စတစ်ရပ်အနေဖြင့် တင်ပြရမည်ဆိုလျှင် Bagan Inn Ltd.၏ ရင်းနှီးမြှုပ်နှံမှု ငွေကြေးပမာဏမှာ ကျပ်သိန်း (၂၀၀) ကျော်ဖြစ်ပြီး၊ FMI Co., Ltd. မှ ထည့်ဝင်သည့်ငွေကြေးပမာဏမှာ ကျပ်သိန်း (၉၀)ကျော် ဖြစ်ပါသည်။ လုပ်ငန်းစတင်သည့်နေ့မှ ယနေ့အထိ (၇)လခွဲအတွင်း လုပ်ငန်းအောင်မြင်မှုကြောင့် လက်ရှိတန်ဘိုးကို ကျပ်သိန်း(၅၀၀)ကျော်သတ်မှတ်၍ အဖွဲ့တစ်ဖွဲ့မှ ရှယ်ယာ ဝယ်ယူရန်၊ ကမ်းလှမ်းလာသဖြင့် ယင်းအဖွဲ့အား Bagan Inn ၏ အစုထဲမှ ၁၂.၅ %ကို ရောင်းချပေးခဲ့ပါသည်။ ယင်းသို့ရောင်းချပေးခဲ့သော်လည်း ကုမ္ပဏီ၏ပိုင်ဆိုင်မှု အချိုးအစားကိုကြည့်ပါက ကုမ္ပဏီ၏မူလတန်ဘိုး လျော့သွားခြင်းမရှိဘဲ အကျိုးအမြတ်ကျပ်(၃,၆၆၀,၀၀၀.၀၀)ခန့် ရရှိကြောင်း တင်ပြရပါသည်။ ဤတင်ပြချက်များကို ဆန်းစစ်ကြည့်မည်ဆိုပါက၊ Bagan Inn Ltd. ၏ လုပ်ငန်းများ ဆောင်ရွက်မှုသည် အောင်မြင်တိုးတက်မှုရှိကြောင်း ကြိုတင်ခန့်မှန်းနိုင်ပါသည်။ လာမည့်ဘဏ္ဍာရေးနှစ်နှင့် နောင်နှစ်များအဘို့ကိုလည်း အကျိုးအမြတ်များခံစားနိုင်မည် ဖြစ်ကြောင်း တင်ပြအစီရင်ခံအပ်ပါသည်။



## SHINE LAUNDRY

Bagan Inn Ltd. ကို ဖွင့်လှစ်သကဲ့သို့ Shine Laundry ကို (Shine Laundry Ltd.) အမည်ဖြင့် ကုမ္ပဏီ၏အမည်ကိုမှတ်ပုံတင်ခဲ့ပါသည်။ ပင်းမ လုပ်ငန်းသည် ရေတိုစီမံကိန်းတွင်ဝင်ငွေကို နေ့စဉ်မှန်မှန် ရရှိစေ သည့် လုပ်ငန်းတစ်ရပ်ဖြစ်သဖြင့် ယင်းလုပ်ငန်းကို ၁၉၉၃–ခုနှစ်၊ ဒီဇင်ဘာလတွင် စတင်ဖွင့်လှစ်ခဲ့ပါသည်။ စတင်ဖွင့်လှစ်သည့်လ၌ ဝင်ငွေမှာ ကျပ်(၇၀,၀၀၀) ဖြစ်ပြီး၊ ၁၉၉၄–ခုနှစ်၊ ဩဂုတ်လ၏ဝင်ငွေမှာ ကျပ် (၄၂၀,၀၀၀) ဖြစ်ပါသည်။ စဖွင့်သည့်နေ့မှ (၈)လအတွင်း ဝင်ငွေမှာ (၆)ဆ ပိုဝင်လာကြောင်း တွေ့ရှိရပါသည်။ မြို့တွင်းမှ အပ်ထည်များလက်ခံနိုင်ရန်အတွက် အပ်ထည်များလက်ခံသည့်ဌာနကို ၁၉၉၄–ခုနှစ်၊ ဧပြီလ (၂၉) ရက်နေ့တွင် အမှတ် ၄၀၁/၄၀၇၊ မဟာဗန္ဓုလလမ်း၊ ၃၅လမ်းနှင့် ၃၆လမ်းကြား၊ SPA Motorcycle Showroom နှင့် ကပ်လျှက်အခန်းတွင် ဖွင့်လှစ်ထားပြီး ဖြစ်ပါသည်။ Shine Laundry၏လစဉ်ဝင်ငွေများ ဆထက်တန်ဘိုးတိုးလာသည့်အလျောက် ကုမ္ပဏီ၏ လုပ်ငန်းများကို နောက်ထပ်တိုးချဲ့ဆောင်ရွက်ရန် ရှိပါသည်။ Shine Laundry သည် ပြည်သူများအတွက် အထူးလိုအပ်သည့် အကျိုးသက်ရောက်မှုများကို ပေးနိုင်သည်ဟု ယုံကြည်လာသည်နှင့်အမျှ၊ ရှေ့တွင် တိုးတက်ကြီးပွားလာစေမည့် လုပ်ငန်းဖြစ်ကြောင်း တင်ပြပါသည်။


cissell
cissell

## SPA MOTORCYCLE LTD.

ဤလုပ်ငန်းကို ၁၉၉၄–ခုနှစ်၊ ဧပြီလ (၂၉)ရက်နေ့မှ စတင်ဆောင်ရွက်ခဲ့သဖြင့် ငွေကြေးကိစ္စရပ်များကို လာမည့်ဘဏ္ဍာရေးနှစ်အစီရင်ခံစာတွင် ထည့်သွင်း တင်ပြမည် ဖြစ်ပါသည်။

SPA Motorcycle Ltd. တွင် FMI Co., Ltd. မှ ၂၀ % ပါဝင်ထားပါသည်။ Suzuki Motorcycle များကို မြန်မာနိုင်ငံအတွင်း၌ ဖြန့်ချိနိုင်ရန် ဖွဲ့စည်း တည်ထောင်ထားသည့် လုပ်ငန်းဖြစ်ပါသည်။ မြန်မာ နိုင်ငံတွင် သယ်ယူပို့ဆောင်ရေးလုပ်ငန်းများသည် အားနည်းလျှက် ရှိကြောင်း တွေ့ရှိရပါသည်။ ယင်းသို့ လိုအပ်ချက်များကို ဖြည့်ဆည်းရာ၌ သေးငယ်၍ လွယ်ကူစွာ ဝင်ထွက်သွားလာနိုင်ပြီး၊ လက်တွေ့ အသုံးချနိုင်မည့် မော်တော်ဆိုင်ကယ်များမှာ မရှိမဖြစ် အလွန်လိုအပ်သည့် ခရီးသွား သယ်ယူပို့ဆောင်မှုတစ်ရပ်ဖြစ်ပါသည်။ အထူးသဖြင့် မန္တလေး၊ ပြည်၊ မိတ္ထီလာ၊ ဟင်္သာတ၊ တောင်ကြီး၊ လားရှိုး၊ မော်လမြိုင် စသည့်မြို့ကြီးများတွင် အထူး လိုအပ်လျှက်ရှိပါသည်။

SPA Motorcycle Ltd. ကို ဖွဲ့စည်းရာတွင် ရည်ရွယ်ချက် (၂)ချက်ထား၍၊ ဖွဲ့စည်းခဲ့ပါသည်။ ပထမရည်ရွယ်ချက်မှာ – ကုမ္ပဏီမှ ရောင်းချပေးခဲ့ပြီးသော မော်တော်ဆိုင်ကယ်များ၏ စက်ပိုင်းဆိုင်ရာ ချို့ယွင်းပျက်စီးမှုများကို အဆင့်မှီကျွမ်းကျင်သော ပညာရှင်များမှ ပြင်ဆင်ပေးမည့် Service Centre ထားရှိခြင်းဖြစ်ပါသည်။ မော်တော်ဆိုင်ကယ်ဝယ်သူများ အနေဖြင့် ရန်ကုန်နှင့် မန္တလေးမြို့ကြီးများတွင် စစ်မှန်သော မော်တော်ဆိုင်ကယ် အပိုပစ္စည်းမျိုးစုံနှင့် ကိရိယာမျိုးစုံထားရှိခြင်းနှင့် ကျွမ်းကျင်သောမက္ကင်းနစ်များက မော်တော်ဆိုင်ကယ်များကို စေတနာအပြည့်ဖြင့် စိတ်ရှည်ရှည်ထားပြီး အထူးဂရုပြု၍ ထိန်းသိမ်းပြုပြင်ပေးသည့် အတွက် ဝယ်ယူသူတိုင်း၊ စိတ်ကျေနပ်မှု ရရှိနေကြောင်း သိရပါသည်။

ဒုတိယအချက်အနေဖြင့် တင်ပြလိုသည်မှာ– မြန်မာနိုင်ငံတွင် Suzuki Motorcycle တပ်ဆင်ရေးစက်ရုံ Assembly Plant ကို တည်ထော[င်]ပေးပြီး၊ ပြည်တွင်းမှ ပုဂ္ဂိုလ်များအား အလုပ်အကိုင်ရရှိစေရန်နှင့် စက်မှုအတတ်ပညာရပ်များကို လွှဲပြောင်း သင်ကြားမှုများပြုလုပ်ပေးရန် ရည်ရွယ်ချက်ရှိပါသည်။ ပြည်တွင်း၌ မော်တော်ဆိုင်ကယ်များ တပ်ဆင်ထုတ်လုပ်ပေးခြင်းဖြင့် ကုန်ကျစရိတ်သက်သာလာသဖြင့် ဝယ်ယူသူ တို့အနေနှင့် ဈေးသက်သာပြီး အမျိုးမှန်သည့် မော်တော်ဆိုင်ကယ်များကို ဝယ်ယူသုံးစွဲနိုင်မည် ဖြစ်ပါသည်။

SPA Motorcycle Ltd. သည် Suzuki Corporation (Japan), Suzuki (Thai) တို့နှင့် အကျိုးတူ ဖက်စပ်လုပ်ငန်းဆောင်ရွက်ရန် Suzuki Myanmar အမည်ဖြင့် ကုမ္ပဏီထူထောင်ကာ တပ်ဆင်ရေးစက်ရုံ Assembly Plant တည်ထောင်မည့် သဘောတူစာချုပ် ချုပ်ဆိုရန် အစီအစဉ်ရှိပါသည်။ ယင်းအစီအစဉ်မှာ Suzuki Motorcycle လစဉ်ရောင်းချရသည့် နှုန်းအပေါ်မူတည်ပြီး၊ သတ်မှတ်သည့်အဆင့်သို့ ရောက်ရှိသည့် အခါတွင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တင်ပြအပ်ပါသည်။


SUZUKI
SUZUKI
SUZUKI
SUZUKI

18

# ဟိုတယ်လုပ်ငန်းတိုးတက်မှု အခြေအနေ

MIHL မြန်မာ့မီးရထားစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် မြန်မာ့မီးရထားရုံးချုပ်နှင့် ၉.၂၅ဧက ကျယ်ဝန်းသည့် မြေနေရာ မြန်မာ့မီးရထားမှ နှစ်(၃၀)ငှားရမ်း၍၊ အခန်း(၂၅၀) ပါရှိသည့် ကမ္ဘာ့အဆင့်မီ ကြယ်ငါးပွင့်ဟိုတယ် (Meeyahta International Hotel Ltd.) အဖြစ် ပြုပြင်ဆောင်ရွက်သွားရန်နှင့် နိုင်ငံတကာအဆင့်မီ အားကစားနှင့် အပန်းဖြေစခန်းကိုပါ ထည့်သွင်း ဆောက်လုပ်ရန် စီစဉ်ထားပါသည်။ ယင်း လုပ်ငန်းတည်ဆောက်မှုအတွက် အမေရိကန်ဒေါ်လာ ၂၅သန်းခန့် ကုန်ကျမည်ဖြစ်ပါသည်။ ယင်းလုပ်ငန်းတွင် FMI Co., Ltd. အားပါဝင်ရင်းနှီးမြှုပ်နှံရန်အတွက် အတည်ပြုထားပြီးဖြစ်ပါသည်။ ရင်းနှီးမြှုပ်နှံမှုငွေပမာဏကိုမူ စီမံကိန်းတစ်ရပ်ရေးဆွဲပြီးသည့်အခါ မကြာမီကာလအတွင်း အဆုံးအဖြတ်ပေးနိုင်မည်ဖြစ်ပါသည်။ ရန်ကုန်မြို့လယ်ခေါင် အချက်အခြာကျသည့်နေရာရှိ ကမ္ဘာ့အဆင့်မီ ဟိုတယ် ဆောက်လုပ်ဖွင့်လှစ်မည့်လုပ်ငန်းတွင် ပါဝင်ရင်းနှီးမြှုပ်နှံ ခြင်းသည် ရေရှည်အကျိုးဖြစ်ထွန်းမည့်လုပ်ငန်း ဖြစ်သည့်အလျောက် FMI Co., Ltd. မှ ပါဝင်ရင်းနှီးမြှုပ်နှံမှုပြုမည် ဖြစ်ပါသည်။ ယင်းသို့ ရင်းနှီးမြှုပ်နှံမှုသည် မှန်ကန်၍ အကျိုးဖြစ်ထွန်းမည့် ရင်းနှီးမြှုပ်နှံမှုဖြစ်မည်ဟု ယုံကြည်ပါသည်။



# အနာဂတ်အမြင်

မြန်မာနိုင်ငံ၏ စီးပွားရေးမူဝါဒ များသည် ပြောင်းလဲလာသည်နှင့်အမျှ နိုင်ငံတကာမှ ရင်းနှီးမြှုပ်နှံလိုသူများနှင့် ပြည်တွင်းရှိရင်းနှီးမြှုပ်နှံလိုသူများ အနေဖြင့်၊ မိမိတို့၏ငွေပင်ငွေရင်းများကို စိုက်ထုတ်မြှုပ်နှံမည့်နေရာများကိုရှာဖွေ၍ စီးပွားရေးကဏ္ဍတွင် ပါဝင်ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်လာသည်ကို တွေ့မြင်ရပါသည်။ ဤသို့ရင်းနှီးမြှုပ်နှံမှုပြုကြရာတွင် FMI Co., Ltd. သည်လည်း ငွေပင်ငွေရင်းများ စိုက်ထုတ်မြှုပ်နှံရာတွင် အကောင်းဆုံးနေရာအဖြစ်ရောက်ရှိစေရန် အလားအလာကောင်းများစွာရှိသည့်ကုမ္ပဏီတစ်ခု အဖြစ် ရပ်တည်နိုင်လာမည်ဖြစ်ပါသည်။ ဤကဲ့သို့အခွင့်အရေးများရရှိလာသည်နှင့်အညီ အစုရှယ်ယာရှင်များအား မူလကုမ္ပဏီဖွဲ့စည်းတည်ထောင်စဉ်ကာလက ကြိုတင်ပေးထားသည့်ကတိအတိုင်း အောင်မြင်စွာ ထမ်းဆောင်မည်ဖြစ်ကြောင်း တင်ပြအပ်ပါသည်။

FMI Co., Ltd. ဖွဲ့စည်းပြီးနောက် အဖွဲ့အစည်းနှင့် သက်ဆိုင်သည့် မူလရည်ရွယ်ချက်များတွင် လုပ်ကိုင်မည့်လုပ်ငန်းများ တင်ပြခဲ့ရာတွင် မြေ အရောင်းအဝယ်လုပ်ငန်း၊ ကုန်ထုတ်လုပ်ရေးလုပ်ငန်းများ၊ စက်မှုလုပ်ငန်းများ၊ စက်မှုအကျိုးဆောင်လုပ်ငန်းများနှင့် ငွေကြေးလုပ်ငန်းများ၊ လမ်းပန်းဆက်သွယ်ရေးလုပ်ငန်းများနှင့် လျှပ်စစ်ဓာတ်အားပေးလုပ်ငန်းများ အစရှိသည့် လူမှုရေး အဓိကလိုအပ်ချက်များကိုလည်း နှစ်တို၊ နှစ်ရှည် စီမံကိန်းများရေးဆွဲပြီး၊ ရင်းနှီးမြှုပ်နှံမှုများကို ပြုလုပ်ခြင်းဖြင့် အစုရှယ်ယာရှင်များ၏အကျိုးကို သယ်ပိုးဆောင်ရွက်သွားမည်ဖြစ်ကြောင်း တင်ပြအစီရင်ခံအပ်ပါသည်။



## ကုမ္ပဏီဖွဲ့စည်းခြင်း၊ မှတ်ပုံတင်ခြင်းနှင့် လုပ်ငန်းစတင်ဆောင်ရွက်ခြင်း။

ကုန်သွယ်ရေးဝန်ကြီးဌာန ကုမ္ပဏီမှတ်ပုံတင်ရုံး၏ ၃-၇-၉၂ နေ့စွဲပါ မှတ်ပုံတင်အမှတ်- ၁၅၉/၉၂-၉၃ ဖြင့် ဖွဲ့စည်းတည်ထောင်၍ လုပ်ငန်းများကို ၁-၁၁-၉၂ နေ့တွင် စတင်ဆောင်ရွက်သည်။

**အကြံပေးအဖွဲ့ဝင်**

| | | |
|---|---|---|
| (၁) | ဦးဝင်းမောင် | (အငြိမ်းစားဗိုလ်မှူးကြီး) |
| (၂) | ဦးသိန်းအောင် | (အငြိမ်းစားညွှန်ကြားရေးမှူး၊ ပြည်ထောင်စုမြန်မာနိုင်ငံဘဏ်) |
| (၃) | ဦးဝင်းသင် | (မှတ်ပုံတင်စာရင်းစစ်) ဝင်းသင်နှင့် အဖွဲ့ |
| (၄) | ဦးလှထွန်း | (မှတ်ပုံတင်စာရင်းစစ်) |
| (၅) | ဦးညွန့်ရွှေ | (ဌာနေကိုယ်စားလှယ်) |
| (၆) | ဦးလှစိန် | (အငြိမ်းစားညွှန်ကြားရေးမှူး၊ စက်မှု(၁)ဝန်ကြီးဌာန) |

**အမှုဆောင်ဒါရိုက်တာအဖွဲ့ဝင်များ**

| | | |
|---|---|---|
| ၁။ | ဦးလှကြည် | (ဥက္ကဋ္ဌ) |
| ၂။ | ဦးမြတ်သင်းအောင် | (ဒု-ဥက္ကဋ္ဌ) |
| ၃။ | ဦးအောင်ခင် | (ဒု-ဥက္ကဋ္ဌ) |
| ၄။ | ဦးကျော်ပိုင် | (အုပ်ချုပ်မှုဒါရိုက်တာ) (အချိန်ပြည့်) |
| ၅။ | ဦးစိုးဝင်း | (ဒါရိုက်တာအဖွဲ့အတွင်းရေးမှူး) (အချိန်ပြည့်) |
| ၆။ | ဦးစိုးမြင့် | (ဒါရိုက်တာအဖွဲ့အတွင်းရေးမှူး) (အချိန်ပြည့်) |
| ၇။ | ဦးသန်းအောင် | (ဒါရိုက်တာ) |
| ၈။ | ဦးခင်မောင်ဝင်း | (ဒါရိုက်တာ) |
| ၉။ | ဦးအောင်ဆွေ | (ဒါရိုက်တာ) |
| ၁၀။ | ဦးသန်းထွန်း | (ဒါရိုက်တာ) |
| ၁၁။ | ဦးကိုလေး | (ဒါရိုက်တာ) |
| ၁၂။ | ဦးမြင့်ဝေ | (ဒါရိုက်တာ) |
| | (အထွေထွေမန်နေဂျာ) | (မြန်မာ့မီးရထားဗဟိုသက်သာချောင်ချိရေးအသင်းကိုယ်စားပြု) |

**မန်နေးဂျင်းအေးဂျင့်**

Mr. Serge Pun — Chairman,
SPA International
(Hong Kong).

**စာရင်းစစ်များ**

ဦးဝင်းသင် — ဝင်းသင်နှင့်အဖွဲ့
(မှတ်ပုံတင်စာရင်းကိုင်)

လိပ်စာ - အမှတ် (၁)၊ ကွမ်းခြံလမ်း၊ ( SPA Square) မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်း၊

Phone: ၇၇၄၆၀, ၇၄၅၈၁, ၇၃၄၉၂

Telex: ၂၁၂၀၁, ၂၁၂၃၆, BM ၁၆၈၉

Fax: (၉၅၁) ၇၇၉၅၁, ၃၁၇၉၃

# REPORT OF INDEPENDENT AUDITORS

**TO THE BOARD OF DIRECTORS AND SHAREHOLDERS**
**FIRST MYANMAR INVESTMENT COMPANY LIMITED.**


We have audited the accounts of "FIRST MYANMAR INVESTMENT COMPANY LIMITED" for the year ended March 31, 1994 in accordance with generally accepted auditing standard, and accordingly included such tests of the accounting records and such other auditing procedures as considered necessary and pertinent to the audit.


In accordance with Section 145 of the Myanmar Companies Act, we report that we have obtained all the informations and explanations we have required.

In our opinion, the Company's Accounts and statements are properly drawn up in accordance with the provisions of Myanmar Companies Act and generally accepted accounting standards so as to exhibit a true and correct view, of the state of affairs of the Company as at March 31, 1994, and of the results of the Company for the year ended on that date, according to the best of our informations and explanations given to us and as shown by the books of the Company, which have been maintained in accordance with Section 130 of the Act.


Sd/xxxxxx
(Mg Win Thin)
U Win Thin, B.Com., B.L., R.A.
WIN THIN & ASSOCIATES,
AUDITORS


# PROPERTY AND ASSETS




# INCOME AND EXPENDITURE



## FIRST MYANMAR INVESTMENT COMPANY LIMITED

### BALANCE SHEET AS AT MARCH 31, 1994

**Property and Assets**

| | | |
|---|---|---|
| Fixed Assets | (Sch: 1) | 280,678.25 |
| Investments at Cost | (Sch: 2) | 65,478,000.00 |
| Current Assets | | |
| Deposit | | 180,320.00 |
| Loan | | 2,875,000.00 |
| Prepayments and Advances | (Sch:3) | 2,617,321.93 |
| Sundry Debtors | (Sch:4) | 13,520,096.53 |
| Cash and Bank Balances | (Sch: 5) | 8,089,972.60 |
| | | 93,041,389.31 |

**Capital and Liabilities**

| | | |
|---|---|---|
| Authorized Capital | | |
| 30000 shares of K.10,000/- each | | 300,000,000.00 |
| Issued and Paid-up Capital | | |
| 7905 shares of K. 10000/- each Fully paid-up | | 79,050,000.00 |
| Reserves and Retained Earnings | | |
| Capital Reserve | | 4,060,200.00 |
| Retained Profits | | 6,720,535.66 |
| Current Liabilities | | |
| Accrued Expenses | (Sch:6) | 1,755,365.65 |
| Provision for Taxation | (Sch:7) | 1,299,868.00 |
| Other Creditors | (Sch:8) | 155,420.00 |
| | | 93,041,389.31 |

Authentication by Directors:-

(1)

Sd/xxxxxxx

KYAW PAING
MANAGING DIRECTOR
FIRST MYANMAR INVESTMENT CO., LTD

(2)

Sd/xxxxxxx

SOE WIN
DIRECTOR(BOARD SECRETARY)
FIRST MYANMAR INVESTMENT CO., LTD

FIRST MYANMAR INVESTMENT COMPANY LIMITED

## INCOME AND EXPENDITURE ACCOUNT FOR THE YEAR ENDED MARCH 31, 1994

| | | | |
|---|---|---|---|
| Income | | | |
| Trading Income | | | |
| Commission on Consignment Sales | | | 767,957.00 |
| Gross Profit from Export Earning | (Sch:9) | 840,560.00 | |
| Investment Income | | | |
| Profit from sales of Investments | | | 4,110,000.00 |
| Profit from sales of Land | | | 7,400,000.00 |
| Underwriting and Placement fees | | | 1,452,000.00 |
| Dividend | | | 2,225,000.00 |
| Interest | | | 951,181.25 |
| Commission from share Transfers | | | 15,657.00 |
| | | | 17,762,355.25 |
| Expenditures | | | |
| Administration Expenses | (Sch:10) | 4,056,360.00 | |
| Financial Expenses | (Sch:11) | 56,400.94 | 4,112,760.94 |
| Net Income Before Tax | | | 13,649,594.31 |

## APPROPRIATION ACCOUNT

| | |
|---|---|
| Net Income Before Tax | 13,649,594.31 |
| Previous Year's Balance | 209,691.35 |
| | 13,859,285.66 |
| Tax Provision | 1,210,000.00 |
| | 12,649,285.66 |
| Interim Dividend Paid | 5,928,750.00 |
| Retained Earnings | 6,720,535.66 |

Authentication by directors:-

| (1) | (2) |
|---|---|
| Sd/xxxxxxx | Sd/xxxxxxx |
| KYAW PAING<br>MANAGING DIRECTOR<br>FIRST MYANMAR INVESTMENT CO., LTD | SOE WIN<br>DIRECTOR (BOARD SECRETARY)<br>FIRST MYANMAR INVESTMENT CO., LTD |

**Fixed Assets** (Schedule-1)

| Particular | Original Cost | Rate | Depreciation Previous Period | Depreciation Current Year | Total | Net Book Value 31-3-94 |
|---|---|---|---|---|---|---|
| 1. Aluminium Cupboard | 17,100.00 | 5% | 534.00 | 855.00 | 1,389.00 | 15,711.00 |
| 2. Typewriter | 97,000.00 | 5% | 154.00 | 4,850.00 | 5,004.00 | 91,996.00 |
| 3. Calculator | 1,770.00 | 5% | 7.00 | 88.50 | 95.50 | 1,674.50 |
| 4. Computer | 165,000.00 | 20% | - | 33,000.00 | 33,000.00 | 132,000.00 |
| 5. FMI Signboard | 41,365.00 | 5% | - | 2,068.25 | 2,068.25 | 39,296.75 |
| Total | 322,235.00 | | 695.00 | 40,861.75 | 41,556.75 | 280,678.25 |

**Investments at Cost** (Schedule-2)

| | At Par (a) | Shareholder's Loans (b) | Investments at Cost (a+b) |
|---|---|---|---|
| (a) FMI Syndication Limited | 330,000.00 | 38,148,000.00 | 38,478,000.00 |
| (b) Yoma Bank Limited | 16,800,000.00 | - | 16,800,000.00 |
| (c) Forest Product Joint Venture Limited | 50,000.00 | - | 50,000.00 |
| (d) Bagan Inn Limited | 100,000.00 | 5,900,000.00 | 6,000,000.00 |
| (e) Standard Laundry Limited | 210,000.00 | 2,940,000.00 | 3,150,000.00 |
| (f) Bagan Travels and Tours Limited | 100,000.00 | 900,000.00 | 1,000,000.00 |
| | 17,590,000.00 | 47,888,000.00 | 65,478,000.00 |

**Prepayment and Advances** (Schedule-3)

| | |
|---|---|
| Deferred Revenue Expenses | 149,930.28 |
| Advance Tax | 66,477.19 |
| Difference in Exchange Rates | 914.46 |
| S.P.A Motorcycle Limited | 2,400,000.00 |
| | 2,617,321.93 |

**Sundry Debtors** (Schedule-4)

| | |
|---|---|
| Receivable from Sales of Investments (hence received) | 8,460,000.00 |
| Receivable From Export Earnings | 826,000.00 |
| Receivable Telex charges | 366.53 |
| Trade Debtors | 4,233,730.00 |
| | 13,520,096.53 |

**Cash and Bank Balances** (Schedule-5)

| | |
|---|---|
| Myanma Economic Bank | 205,487.50 |
| MICB | 176,103.83 |
| MFTB ($26738.49 @ 6.1136) | 163,468.43 |
| Yoma Bank Current A/c | 7,196,149.28 |
| Yoma Bank Saving A/c | 332,516.56 |
| Cash Balance | 15,696.00 |
| Petty Cash Balance | 551.00 |
| | 8,089,972.60 |

**Accrued Expenses** (Schedule-6)

| | | |
|---|---|---|
| Audit Fees | | 10,000.00 |
| Managing Agent Fees | | |
| Last Year's Balance | 20,969.15 | |
| This Year's Fees 1% on Capital | 207,775.50 | |
| " " 10% on NP | 1,516,621.00 | 1,745,365.65 |
| | | 1,755,365.65 |

**Provision for Taxation** (Schedule-7)

| | | |
|---|---|---|
| 1992-93 Income-tax | | 89,868.00 |
| 1993-94 Income-tax | | 1,210,000.00 |
| | | 1,299,868.00 |

**Other Creditors** (Schedule-8)

| | | |
|---|---|---|
| S.P.A | | 5,420.00 |
| Bagan Inn Ltd | | 150,000.00 |
| | | 155,420.00 |

**Details of Export Trading** (Schedule-9)

| | | |
|---|---|---|
| Export sales | | 241,068.89 |
| Cost of Goods sold | | |
| Purchases | 4,062,326.00 | |
| Storage Expenses | 10,357.00 | |
| Customs Duty | 11,873.17 | |
| Export Expenses | 60,083.00 | 4,144,639.17 |
| Gross Profit / (Loss) | | -3,903,570.28 |
| Export Loss applicable to transferred dollars | | 3,753,640.00 |
| Deffered Gross Loss for Dollar Balance | | 149,930.28 |
| Received from transfer of Dollar Earnings | | 4,826,000.00 |
| Cost of Dollars transferred at official rate | | 231,800.00 |
| Apparent Income from transfer of Dollar Earnings | | 4,594,200.00 |
| Deduct Apparent Export Loss as above | | 3,753,640.00 |
| Gross Profit from Export Earnings | | 840,560.00 |

**Administration Expenses** (Schedule-10)

| | | |
|---|---|---|
| Managing Agent Fees (1% on Share Capital) | | 745,274.50 |
| Managing Agent Fees (10% on NP) | | 1,516,621.00 |
| Salary | | 82,900.00 |
| Uniform Allowance | | 11,500.00 |
| Office Rent | | 220,000.00 |
| Consulting Fees | | 4,800.00 |
| Audit Fees | | 20,000.00 |
| Statutory Meeting Expenses | | 264,852.00 |
| AGM Expenses | | 164,776.00 |
| Bago Seminar | | 44,732.00 |
| Preliminary Expenses | | 370,665.50 |
| Travelling Allowance | | 154,100.00 |
| Printing and Stationery | | 108,273.00 |
| Postage and Telex | | 6,427.00 |
| Entertainment Expenses | | 18,669.00 |
| Advertising | | 265,516.00 |
| Copying Expenses | | 1,935.00 |
| Office Expenses | | 31,365.00 |
| Donation | | 1,000.00 |
| Miscellaneous Expenses | | 22,954.00 |
| | | 4,056,360.00 |

**Financial Expenses** (Schedule-11)

| | | |
|---|---|---|
| Depreciation | | 40,861.75 |
| Bank Charges | | 1,489.19 |
| Registration Fees | | 14,050.00 |
| | | 56,400.94 |

**Company Formation, Registration and Commencing of Business.**

FMI Co., Ltd. was formed with reference to the Ministry of Trade, Company Register Office, Registration No. 159/92-93, dated 3.7.92 and the Commencing of Business was on 1.11.92.

**Advisory Board.**

| | | |
|---|---|---|
| 1. | U Win Maung | Colonel (Retired) |
| 2. | U Thein Aung. | Director (Retired), Union of Myanmar Bank |
| 3. | U Win Thin | (Auditor & Registered Accountant) |
| 4. | U Hla Tun | (Auditor & Registered Accountant) |
| 5. | U Nyunt Shwe | (Area Representative) |
| 6. | U Hla Sein | Director (Retired) Ministry of Industry (1) |

**Board of Directors**

| | | |
|---|---|---|
| 1. | U Hla Kyi | (Chairman) |
| 2. | U Myat Thinn Aung | (Vice-Chairman) |
| 3. | U Aung Khin | (Vice-Chairman) |
| 4. | U Kyaw Paing | (Managing Director) (Full time) |
| 5. | U Soe Win | (Board Secretary) (Full time) |
| 6. | U Soe Myint | (Board Secretary) (Full time) |
| 7. | U Than Aung | (Director) |
| 8. | U Khin Maung Win | (Director) |
| 9. | U Aung Swe | (Director) |
| 10. | U Than Tun | (Director) |
| 11. | U Ko Lay | (Director) |
| 12. | U Myint Wai | (Director) |
| | (General Manager) | (Representative of the Central Railway Welfare Society) |

**Managing Agent.**

Mr. Serge Pun — Chairman
SPA International
(Hong Kong)

**Auditors**

U Win Thin — Win Thin and Associates.
(Auditor & Registered Accountant)

Address: No. (1), Kun Gyan Road (SPA Square), Mingalar Taung Nyunt Township, Yangon, Myanmar.


Phone: 77460, 74581, 73492

Telex: 21201, 21236 BM 1689

Fax: (951) 77951, 31793

## CONTENTS


| | |
|---|---|
| INTRODUCTORY REMARKS | 30 |
| REPORT OF MANAGING AGENT | 33 |
| YOMA BANK | 34 |
| FMI CENTRE | 36 |
| BAGAN INN LTD. | 38 |
| SHINE LAUNDRY | 42 |
| SPA MOTORCYCLE LTD. | 44 |
| HOTEL DEVELOPMENT | 46 |
| FUTURE OUTLOOK | 48 |
| REPORT OF INDEPENDENT AUDITORS | 22 |
| COMPANY FORMATION, REGISTRATION AND COMMENCING OF BUSINESS | 28 |

## INTRODUCTORY REMARKS


FMI Co., Ltd. is now in its second year since its commencement of operation in August 1992.

It is gratifying to witness the numerous exciting projects now underway within these two years. FMI Co., Ltd. is still in its infancy but has taken full strides in building a better community. FMI Co., Ltd. Board of directors have borne their utmost to implement the philosophy of the Company objectives, over-coming many obstacles to efficiently implement the company's ambitions.

In pursuing many spheres of activities, the Company has so far achieved it's objectives. These investments have already shown excellent results for the Shareholders, Company and Community.

To broaden the many spheres and for the benefit of both the shareholders and Company, right issue was successfully implemented.

The Managing Agent in its (5)years Corporate Plan will maintain a balanced portfolio of Long Term, Medium Term, Short term and Trading Investment. Due to our shareholders input in the past, we have shown good results in Long Term investment like FMI Centre, one of Myanmar's most formidable Shopping Centre. Meeyahta International Hotel, a Classic Victorian Building will be one of the city's Premier Hotel which will suit our investment criteria.




**BOARD OF DIRECTORS**

1. U MYINT WAI
2. U AUNG SWE
3. U SOE MYINT
4. U THAN TUN
5. U MYAT THIN AUNG
6. U KYAW PAING
7. U HLA KYI
8. MR. SERGE PUN
9. U AUNG KHIN
10. U SOE WIN
11. MR. MARTIN PUN
12. U THAN AUNG
13. U KHIN MAUNG WIN
14. U KO LAY



FMI Co., Ltd. and it's Board of Directors would like to show our appreciation to all the shareholders who have advice us.

On behalf of the board of Directors, I would like to thank our Managing Agent Mr. Serge Pun who have whole heartedly support and implement the company philosophy and objectives.

**Chairman**





MANAGING AGENT
MR. SERGE PUN
CHAIRMAN, SPA INTERNATIONAL (HONG KONG)

## On Behalf of the Board of Directors
## Managing Agent
## Mr. Serge Pun's report

**Dear Shareholders,**

Your Company had a very fruitful year during 1993/94. Considering it was our first full year of operation, it is very gratifying to witness the numerous exciting project now underway. In differing degrees, we have made investments in most sectors we advocated at our inception. Some of these investments are already showing excellent results and will no doubt become strategically important in the development of the company.

## YOMA BANK

With the liberalization of the activities of financial institutions in 1993, several bank licenses were issued for the establishment of new commercial banks in the private sector. In association with several other private investors your company formed the YOMA BANK and was awarded a banking license on the 26th July' 93. Since commencement of business in August'93, the bank has exceeded most of its preset goals. At fiscal year-end 93/94. Deposits were K175,091,279.21, loans were K 177,481,355.02, these figures have risen to K831,770,944.75 and K 649,039,040.84 respectively as of August 94.

Providing professional and efficient service to its customers has been the most important goal for YOMA BANK. To this end, the management and staff of the bank endeavours with admirable goal and has now established respect and a fine reputation amongst its customers. YOMA BANK is also the first bank in the country to offer hire-purchase for a wide range of consumer goods. The bank recognizes the meaningful social significance such services provided to society at large and intends to expand this service in the future.

Profits for the first 7-$^1/_2$ months of operation ending March 31' 94 was most encouraging. The Bank declared a dividend of K 1,324.41 per share in March of this year, resulting a dividend income for the Company of K16,813,781.97 for its 26% shareholding in the Bank.

Since the start of the current fiscal year, YOMA BANK has progressed at a commendable pace, increasing its paid up capital to K1,000 Lakhs in August, with plans to further increase it to K 1,400 Lakhs in the near future.

In October, YOMA BANK launched its own credit card, the "YOMA CARD" first in the country, it offers its cardholders a convenience which hitherto was not available. The immediate and wide acceptance of the YOMA CARD amongst merchants and cardholders indicates its vast potential and substantiates our belief that such a service is much needed in the society.



## FMI CENTRE

Your company participated as a 16% shareholder in the development of this premier office and shopping complex in the heart of Yangon. By early next year, the building will be completed and I am confident you will be proud to be a joint owner in this modern development of international standard.

Leasing of the space in the building is progressing satisfactorily at rent levels higher than projected. As a long term, income producing investment in our portfolio, FMI Centre's rental income will provide your Company with guaranteed annual income, and coupled with significant capital appreciation potential.

Notwithstanding our minority shareholding, the Co.-investors of the development have kindly consented to name the building in the company's acronym. The intrinsic value inherent in having the company's name on the city's best building cannot be underestimated. It will add stature to the Company as well as contribute to our expectation of building FMI into one of Myanmar's most formidable corporations.



## BAGAN INN, SILVER PALACE RESTAURANT AND BAGAN TRAVELS & TOURS OPERATING UNDER BAGAN INN LTD.

As a significant shareholder of BAGAN INN LTD., your Company has a keen interest in the three operations mentioned above.

Bagan Inn is operating at approximately 54% occupancy rate. Competition in this sector is fierce with nearly 100 new inns mushrooming up in the past year. Fortunately, with a dedicated staff and superior room quality, Bagan Inn has maintained a steady patronage of regular customers.


Silver Palace Restaurant is operating profitably and continues to enjoy an enviable reputation for good food at good value. Lately it has added a new service which is well received, full catering at your choice of venue.



Bagan Travels & Tours commenced operation only recently but is showing a lot of promise as "Visit Myanmar Year 1996" starts to gain momentum. They have entered into agreements with 3 large tour operators in Hong Kong and Thailand and we look forward to a brisk business as soon as the rain season is over.

Both Bagan Inn and Silver Palace Restaurant showed an operating profit for the 7-$^{1}/_{2}$ months of the fiscal year. However, the boards of the entities decided that no dividend would be declared for this short period.

We are especially pleased to report the sale of 12.5% of BAGAN INN LIMITED in an arms-length transaction on February 1994. This sale brought a profit of K3,660,000 to the Company, illustrating the value and underlying profit potential of these business. It is reasonable to say that each of these entities will contribute to the overall profit of your company in the coming fiscal year and beyond.



## SHINE LAUNDRY

Like Bagan Inn Limited, the formation of Shine Laundry is part of the cash generating businesses the Company wishes to establish in our global corporate planning. In December 93 when Shine Laundry opened its doors the first month, income were K70,000. In August 94, a mere 9 months later, sales are K 420,000, a six-fold increase. A second collection point opened at 401/407 Maha Bandoola Street in April'94. The company intends to open more collection points to provide extra convenience to its customers as well as expand market coverage. Judging from the unfailing increase in sales each month, we are confident that SHINE LAUNDRY is providing an essential service to the community and will prove to be a very profitable business in the future.


cissell
cissell

## SPA MOTORCYCLE LTD. - SUZUKI DEALERSHIP

This is a post reporting period item, the business only having commenced on the 14th of April'94, I will reserve the financial report for the next Annual Report, except for the following comments:

Your Company holds a 20% interest in SPA Motorcycle Ltd, a joint venture company formed to distribute Suzuki Motorcycles exclusively in the Union of Myanmar The need for economical transportation in both commercial and private circles has always been acute. Small size, economical and practical motorcycles have therefore been a very popular means of transportation, particularly in cities such as Mandalay, Pyay, Meiktila, Hinthada, Taunggyi, Lashio and Mawlamyaing.

SPA Motorcycles Ltd. was formed with two distinct objectives. Firstly, to provide quality after-sales service to our users. To this end, our customers have been very impressed with the investment we have made in setting up fully tooled service centres both in Yangon and Mandalay and the stocking of adequate spare parts with trained service personnel to give the best servicing follow-up to all our customers. But more importantly, the second objective is to build an assembly plant in Myanmar at the earliest feasible time so that technology transfer will take place at the same time as providing job opportunities to our population. Consumers will naturally benefit from the lower cost of a Suzuki Motorcycle assembled within the country. To this end, SPA Motorcycle Ltd has procured the joint-venture agreement with Suzuki Corporation of Japan and Suzuki Thailand to set up the assembly plant as soon as monthly sales reach the required level. Up to the present, monthly sales of Suzuki Motorcycles have steadily increased to about 70 units. In short order, monthly sales will reach a level to justify investing in an assembly plant and we are definitely geared toward that goal.


SUZUKI
SUZUKI
SUZUKI
SUZUKI

## HOTEL DEVELOPMENT

As most of our shareholders are aware, SPA had entered into a lease agreement with Myanmar Railways to develop an international standard hotel on the historic site of Myanmar Railways Headquarters. Work is progressing on the construction of the relocation Headquarters Building for Myanmar Railway in Botataung Township. The class Victorian building will then be refurbished, a new wing added and world class country club facilities added. This is a major development requiring in excess of US$25 Million to complete.

Your Company has been offered the opportunity to Co-invest in this project and has confirmed its intention to do so. The full extent of our participation will be decided in a few months time when the final plans are complete.

As this will be one of the cities premier hotels occupying a prime location, participation in this project perfectly suits our investment criteria.



## FUTURE OUTLOOK

The tremendous change in Myanmar is attracting the attention of both local and international investors. Particularly dramatic is the changing economic scene, a direct result of our government's realization of the need to adopt a market oriented economy.


The formation of FMI Co., Ltd. at this critical juncture provides many opportunities, while at the same time imposes the heavy responsibility of making good the many promises we have given to shareholders and the community.

It is management's intention to continue our commitment to the original corporate objective of investing in projects pertaining to infrastructure development, real estate, manufacturing and industrial enterprises, the service industry and financial services.

We will maintain a balanced portfolio of long, medium and short term investment, with the goal of building a strong asset base which will continue to provide reasonable dividends to shareholders.



FMI



ငွေပဒေသာပင်စိုက်ကြပါ

FMI

FIRST MYANMAR INVESTMENT
Co., Ltd.